Australian Government

ParentsNext



# အကယ်၍ သင် ကူညီပံ့ပိုးမှု ပိုမိုလိုအပ်ခဲ့လျှင်

## မိဘများနှင့် ပြုစုစောင့်ရှောက်သူများမှာ မိမိတို့ဘဝတွင် အမြဲတစေ အလုပ်များနေတတ်ကြသည် ကူညီပံ့ပိုးမှု ရနိုင်ကြောင်း သိရှိရန် အရေးကြီးပါသည်။

ParentsNext ၏ အတိုင်ပင်ခံပုဂ္ဂိုလ်များက သင့်ကို ကူညီပံ့ပိုးရန် ဒေသအတွင်းမှ အောက်ဖော်ပြပါ ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးနိုင်ပါသည် -

- ဆွေးနွေးလမ်းညွှန်ပေးခြင်း
- ငွေကြေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း
- အိမ်ထောင်စုအတွင်းနှင့် မိသားစုအတွင်း အကြမ်းဖက်မှု
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး
- လုံခြုံစိတ်ချရသော အိမ်ယာ တို့ဖြစ်ပါသည်။

**အကယ်၍ သင့်မှာ အခက်အခဲများရှိနေပါက သင့် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွေးနွေးပါ။ သူတို့က သင့် လုပ်ဆောင်မှုများ လျှော့ချချင် လျှော့ချနိုင်သည် သို့မဟုတ် ကင်းလွတ်ခွင့်အတွက် စဉ်းစားချင် စဉ်းစားပါလိမ့်မည်။**

ကင်းလွတ်ခွင့်ဆိုသည်မှာ သင့်အနေနှင့် အချိန်အတိုင်းအတာတစ်ခုအတွက် မည်သည့်လုပ်ဆောင်မှုမှ လုပ်စရာမလိုဟု ဆိုလိုပါသည်။  သင်လိုအပ်ခဲ့ပါက သင့် ParentsNext ၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ အကူအညီနှင့် ပံ့ပိုးမှု ဆက်လက်ရရှိနေနိုင်ပါသည်။

**ကင်းလွတ်ခွင့်အတွက် အကြောင်းပြချက်များတွင် အောက်ပါအချက်များ ပါဝင်ကောင်း ပါဝင်နိုင်ပါသည် -**

- ကျန်းမာရေးနှင့်ပတ်သက်သော စိုးရိမ်ရသည့် ချွတ်ယွင်းချက်
- မိသားစုအတွင်းမှ တစ်ဦးဦး၏ နာရေးကိစ္စ
- ကိုယ်ဝန်ရှိနေပြီး မီးဖွားရန် မျှော်မှန်းထားသည့်ရက်နှင့် ရက်သတ္တ 6 ပါတ်အလို
- ဒေသခံ ရှေးဦးတိုင်းရင်းသားများ၏ ရိုးရာကိစ္စ
- ကလေး 4 ယောက် သို့မဟုတ် ထိုထက်ပိုပြီး ကြည့်ရသော အဓိက ပြုစုစောင့်ရှောက်သူ
- အတည်ပြုထားသော အိမ်တွင် ပညာသင်ခြင်း

**သင့် ကင်းလွတ်ခွင့် လျှောက်ထားသည့် အကြောင်းပြချက်အပေါ် မူတည်ပြီး သင့် ParentsNext ၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင့်ကို အခြားသော အထောက်အထားများ တောင်းပါလိမ့်မည်။**

အကယ်၍ သင့် အတိုင်ပင်ခံပုဂ္ဂိုလ်က **ကင်းလွတ်ခွင့် မပေးခဲ့လျှင်** သူတို့၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် သင် တောင်းဆိုနိုင်ပါသည်။ အကယ်၍ သင်က သူတို့၏တုန့်ပြန်ချက်ကို မကျေနပ်ပါက သင့်အနေနှင့် တစ်နိုင်ငံလုံးဆိုင်ရာ ဝန်ဆောင်မှုယူသူများအတွက် ဖုန်းလိုင်း (National Customer Service Line) ကို **1800 805 260** တွင် ဖုန်းဆက်၍ဖြစ်စေ၊ သို့မဟုတ် **nationalcustomerserviceline@dese.gov.au သို့ အီးမေးလ်ပို့၍ဖြစ်စေ ပညာရေး၊ ကျွမ်းကျင်မှုများနှင့် အလုပ်အကိုင်ဆိုင်ရာဌာန  (Department of Education, Skills and Employment) ကို သီးခြားလွတ်လပ်သော ပြန်လည်သုံးသပ်မှု ပြုလုပ်ပေးရန် မေတ္တာရပ်ခံ တောင်းဆိုနိုင်ပါသည်။**

အကယ်၍ သင်က ထိုဆုံးဖြတ်ချက်ကို ဆက်လက်မကျေနပ်သေးပါက သင့်အနေနှင့် အုပ်ချုပ်မှုရေးရာကိစ္စရပ်များ အယူခံဝင်သည့် ခုံရုံး (Administrative Appeals Tribunal) ကို အယူခံဝင် လျှောက်ထားနိုင်ပါသည်။

ပိုမိုသိလိုပါက dese.gov.au/parentsnext တွင် ကြည့်ပါ။